**လူ့အခွင့်အရေးကော်မတီ**

**ကရင်အမျိုးသားအစည်းအရုံး**

**ဗဟို**

## ကေအဲန်ယူ–လူ့အခွင့်အရေးကော်မတီ၏ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အပေါ် ထုတ်ပြန်ကြေငြာချက်

**ဒီဇင်ဘာလ (၁၀) ရက် ၂၀၂၄ ခုနှစ်**

၁၉၄၈ ခုနှစ်၊ ဒီဇင်ဘာလ (၁၀) ရက်နေ့တွင် ကုလသမဂ္ဂ အထွေထွေ ညီလာခံသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းကို ချမှတ်ခဲ့ပြီး လူသားမျိုးနွယ်အတွက် သမိုင်း မှတ်တိုင်တစ်ခု စိုက်ထူနိုင်ခဲ့သည်။ ကျွန်ုပ်တို့သည် နှုတ်ဆိတ်နေသောအခါ လူ့အခွင့်အရေးကို အားလျော့စေပြီး ထုတ်ဖော်ပြောဆိုကာ အရေးယူသောအခါ လူ့အခွင့်အရေးကို အားကောင်းစေ ပါသည်။ ကျွန်ုပ်တို့သည် လူ့အခွင့်အရေး ချိုးဖောက်မှုများကို လျစ်လျူရှုပြီး အဖိနှိပ်ခံများကို နှုတ်ပိတ်ခြင်းဖြင့် ကျွန်ုပ်တို့သည် အမုန်းတရား၊ စစ်ပွဲ၊ ခွဲခြားဆက်ဆံမှု၊ မညီမျှမှု၊ မတရားမှုများကို ခွင့်ပြုနေပါသည်။ ကမ္ဘာကြီးသည် မသေချာမရေရာသော ခေတ်သို့ လျင်မြန်စွာ ရွေ့လျားလာသည်နှင့် အမျှ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ မျှဝေတန်ဖိုးများကို ထိန်းသိမ်းရမည်ဖြစ်သည်။ ဤတန်ဖိုးများသည် ကျွန်ုပ်တို့အား ခွန်အားနှင့် စည်းလုံးညီညွတ်မှုဖြင့် အနာဂတ်စိန်ခေါ်မှုများကို ရင်ဆိုင်စေနိုင်မည် ဖြစ်သည်။ ယနေ့တွင် ကေအဲန်ယူ-လူ့အခွင့်အရေးကော်မတီ (KHRC) မှ (၇၆) နှစ်မြောက် အပြည်ပြည် ဆိုင်ရာ လူ့အခွင့် အရေးနေ့အား ဂုဏ်ပြုကျင်းပကြသည်။ ကျွန်ုပ်တို့သည် လူ့အခွင့်အရေး၏ တန်ဖိုး များကို မြတ်နိုးတန်ဖိုးထားကြသည့် ဒေသတွင်းသော်လည်းကောင်း၊ တစ်နိုင်ငံလုံးသော်လည်း ကောင်း၊ ကမ္ဘာတစ်ဝှမ်းသော်လည်းကောင်း လူတစ်ဦးချင်း၊ အဖွဲ့များ၊ လူ့အဖွဲ့အစည်းများနှင့်အတူ ရပ်တည် နေပါသည်။

အဖြစ်အပျက်များကို တိကျစွာ မှတ်တမ်းတင်ရန် ပျက်ကွက်သည့်အခါ လူ့အခွင့်အရေး ချိုးဖောက်မှုများသည် ပါးစပ်သတင်းများသာ ကျန်ရှိတော့သည်။ သင့်လျော်သော မှတ်တမ်းများ မရှိလျှင် အဆိုပါ ချိုးဖောက်မှုများသည် အချိန်ကြာလာသည်နှင့်အမျှ မေ့လျော့သွားကာ လူမှုရေးအရ လက်ခံနိုင်သော သို့မဟုတ် ပုံမှန်ဖြစ်လာနိုင်သည့် အန္တရာယ်ရှိပြီး အဖိနှိပ်ခံများ၏ အသံများကို မကြား ရတော့ဘဲ ၎င်းတို့အား နောက်ထပ် အမြတ်ထုတ်ရန် ခွင့်ပြုလိုက်သကဲ့သို့ ဖြစ်နိုင်သည်။ ကော်သူးလေ

တွင် လူ့အခွင့်အရေးချိုးဖောက်မှုများသည် အရပ်သားအများအပြား၏ လူ့အခွင့်အရေးကို နားလည် သဘောပေါက်ခြင်း မပြုနိုင်လောက်အောင် ပြင်းထန်သည့် အခြေအနေသို့ ရောက်ရှိနေပါသည်။ ကော်သူးလေရှိ လူထုများသည် ၎င်းတို့၏ အတွေ့အကြုံနှင့် အသိပညာတို့ကို မှီခိုအားထားကာ လူ့အခွင့် အရေး ချိုးဖောက်မှုများ အမျိုးမျိုးကို ဆန့်ကျင်ကန့်ကွက်ကြသည်။ ကော်သူးလေလူထုသည် လူ့အခွင့် အရေးစံနှုန်းများနှင့် ကိုက်ညီသော ယဉ်ကျေးမှုနှင့် လူမှုရေးတန်ဖိုး များကို ခိုင်ခိုင်မာမာ ထောက်ခံ ပါသည်။ တန်းတူညီမျှမှုနှင့် မျှတမှုဆိုင်ရာ အခြေခံမူများကို ထင်ဟပ် စေပြီး ကော်သူးလေ လူထုတို့သည် အချင်းချင်း လေးစားမှုနှင့် ဂုဏ်သိက္ခာရှိစွာ အပြန်အလှန် ပြုမူ ဆက်ဆံကြပြီး တန်းတူညီမျှမှုနှင့် မျှတမှုဆိုင်ရာ အခြေခံမူများကို ထင်ဟပ်စေသည်။

ကေအဲန်ယူ-လူ့အခွင့်အရေးကော်မတီ (KHRC) ကို ကော်သူးလေအသိုက်အဝန်းရှိ ပြည်သူ များ၏ အခွင့်အရေးများကို ကာကွယ်ရန်နှင့် ပြည်တွင်းပြည်ပ လူ့အခွင့်အရေးစံနှုန်းများနှင့် ယန္တရားများ အားကောင်းစေရန် (၁၆) ကြိမ်မြောက် ကရင်အမျိုးသားအစည်းအရုံး (KNU) ၏ ဆုံးဖြတ်ချက်ဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် အထူးသဖြင့် ၎င်း၏စစ်တပ်သည် လူ့အခွင့်အရေးကို အကာ အကွယ်ပေးသူ မဟုတ်ဘဲ ကျူးလွန်သူအဖြစ် တစိုက်မတ်မတ်ဖြင့် အခြေခံအခွင့်အရေးများကို စနစ်တကျ ချိုးဖောက်ခဲ့သည်။ ၎င်းတို့တွင် အသက်ရှင်သန်ခွင့်၊ သတင်းရယူခွင့်၊ ပညာရေး၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ဂုဏ်သိက္ခာ၊ ရှင်သန်မှုနှင့် တရားမျှတမှုအတွက် အခြားမရှိမဖြစ် လိုအပ်သော အခွင့်အရေးများ ပါဝင်သည်။ ကော်သူးလေပြည်သူများ၏ ရပိုင်ခွင့်များသည် လူ့အခွင့်အရေးကို စစ်မှန်စွာ စောင့်ရှောက်တန်ဖိုးထားသည့် လူတစ်ဦးချင်း၊ လူ့အသိုက်အဝန်း၊ အဖွဲ့အစည်းများတွင် အဓိကတာဝန်ရှိသည်။ ဤအခွင့်အရေးများကို လေးစားလိုက်နာရန်၊ မြှင့်တင်ရန်နှင့် သေချာစေရေးတွင် အဆိုပါ သက်ဆိုင်သူများမှ အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။

ကေအဲန်ယူ-လူ့အခွင့်အရေးကော်မတီ (KHRC) သည် လူတစ်ဦးချင်း၊ အသိုင်းအဝိုင်း သို့မဟုတ် အဖွဲ့အစည်းတစ်ခုမှ ကျူးလွန်သည့် လူ့အခွင့်အရေးချိုးဖောက်မှု ပုံစံအားလုံးကို ပြင်းပြင်းထန်ထန် ရှုတ်ချပါသည်။ လူ့အခွင့်အရေးကို ကာကွယ်ပေးရန်နှင့် အာမခံရန်အတွက် KHRC သည် ကော်သူးလေ တွင် ဒေသအလိုက် ကြိုးပမ်းအားထုတ်မှုများကို နိုင်ငံနှင့် ကမ္ဘာလုံးဆိုင်ရာ အဆင့်များတွင် အရေး ပါသော အခြေခံအုတ်မြစ်ကို တည်ဆောက်သည်။ ကော်သူးလေတွင် လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးတွင် ပြည်တွင်း၊ နိုင်ငံအလိုက်နှင့် နိုင်ငံတကာမှ လူပုဂ္ဂိုလ်များ၊ အသိုင်းအဝိုင်းနှင့် အဖွဲ့အစည်းများအား ကျွန်ုပ်တို့နှင့် ပူးပေါင်းဆောင်ရွက်ရန် ကျွန်ုပ်တို့ တိုက်တွန်းအပ် ပါသည်။ လက်တွဲ

လုပ်ဆောင်ခြင်းဖြင့် လူတိုင်းအတွက် ဤအခွင့်အရေးများကို ထိန်းသိမ်းထားပြီး လေးစားကြောင်း သေချာစေနိုင်ပါသည်။

ဆက်သွယ်ရန် –
ပဒိုနော်ဘလူးမင်းနိုက်ဇန်        + ၆၆ ၉ ၈၈၄၇ ၁၇၈၂